Network for Democracy and Development

Documentation and Research Department

PO Box 179, Mae Sot 63110, Thailand. Tel + 66 1 7241281, E-mail: ndddrd07@csloxinfo.com

# အပါတ်စဉ် ပြည်တွင်းသတင်း သုံးသပ်ချက်
# အမှတ်စဉ် (၃၅၇)

## "ကြပ်ပြေး နန်းတွင်းအရှုတ်တော်ပုံ အမှတ်(၂၂)"

"၂၀၀၅ခုနှစ်မကုန်ခင် ဝန်ကြီးဌာနအားလုံး မြို့တော်သစ်ကို အပြီးပြောင်းရွှေ့ရမယ်" ဆိုတဲ့ နိုင်ငံတော်အကြီးအကဲဆိုသူရဲ့ တချက်လွှတ်အမိန့်အရ နအဖဝန်ကြီးရုံးတွေနဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေဟာ ၂၀၀၅ ခုနှစ် နိုဝင်ဘာလ(၆)ရက်နေ့ မနက်စောစောပိုင်းကစပြီး ပျဉ်းမနား ကြပ်ပြေးမြို့တော်သစ်ဆီကို စစ်မော်တော်ယာဉ်တန်းနဲ့ အတူ အသုတ်လိုက် စတင်ပြောင်းရွှေ့ခဲ့ကြရပါတယ်။

ဗိုလ်ချုပ်ကြီးတွေနဲ့ ဝန်ကြီးတွေအတွက် ခေတ်မီ အိမ်ယာအဆောက်အဦးတွေ တည်ဆောက်ပြီးစီးနေပေမဲ့ အောက်ခြေ အစိုးရဝန်ထမ်းတွေအတွက် အိမ်ယာတွေ အပြည့်အစုံ မဆောက်လုပ်ရသေးတဲ့အပြင် ရေ၊ မီး တွေလည်း အပြည့်အစုံ မတတ်ဆင်ရသေးတာကြောင့် ဖုတ်ပူမီးတိုက် ပြောင်းရွှေ့လာခဲ့ကြရတဲ့ ဝန်ထမ်းတွေဟာ အခက်အခဲမျိုးစုံနဲ့ ရင်ဆိုင်ခဲ့ကြရပါတယ်။ ဝန်ထမ်းတွေအနေနဲ့ ကြပ်ပြေးကို မပြောင်းရွှေ့ရင် အလုပ်ဖြုတ်ပစ်တာကို ခံရမဲ့အပြင် နောက်ထပ်လည်း ဘယ်လို အစိုးရဝန်ထမ်းအလုပ်မျိုးကိုမှ လုပ်ခွင့်မပြုတော့ဘူး ဆိုတဲ့ နအဖရဲ့ ခြိမ်းခြောက်အကျပ်ကိုင်မှုတွေကြောင့် ဝန်ထမ်းတွေဟာ မကျေမနပ်နဲ့ လိုက်ပါလာခဲ့ကြရတာ ဖြစ်ပါတယ်။

စစ်အစိုးရက ကြပ်ပြေးမြို့တော်သစ်ကို ၂၀၀၁ ခုနှစ်ကတည်းက လျို့ဝှက်ပြီး တည်ဆောက်နေခဲ့တာ ဖြစ်ပါတယ်။ ကြပ်ပြေးမြို့တော်သစ်ဆောက်လုပ်ရေးစီမံကိန်းမှာ အေရှားဝေါလ်၊ ထူး၊ ယုဇန၊ တက်ခမ်း၊ တက်လမ်း၊ **ACE**၊ ဒဂုံအင်တာနေရှင်နယ်၊ မက်စ်မြန်မာ၊ ဒမ်းကိုး စတဲ့ကုမ္ပဏီတွေအပြင် တရုတ်နိုင်ငံပိုင်ကုမ္ပဏီ တွေလည်း ပါဝင်ခဲ့ကြောင်း သိရှိရပါတယ်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့မိသားစုနဲ့ အထူးရင်းနှီးသူ ခေတ်ပျက်သူဌေးလေး ကိုတေဇပိုင်တဲ့ "ထူး"ဆောက်လုပ်ရေးကုမ္ပဏီနဲ့ တရုတ်ကုမ္ပဏီတွေက စစ်တပ်အတွက် ပေါင်းလောင်းမြစ်တဖက်ကမ်းမှာ လျို့ဝှက် အဆောက်အဦးတွေကို ဆောက်လုပ်ပေးခဲ့ကြတယ်လို့ ဆိုပါတယ်။ တရုတ်နဲ့ မြောက်ကိုရီးယား စစ်အင်ဂျင်နီယာတွေရဲ့ အကူအညီနဲ့ နအဖစစ်ရုံးချုပ်အပါအဝင် စစ်တပ်အဆောက်အဦးတွေကို ဗုံးဒဏ်ခံနိုင်အောင် ဆောက်လုပ်ခဲ့ကြတဲ့အပြင် တောင်စောင်းတွေမှာလည်း လှိုဏ်ခေါင်းတွေတူးပြီး အမိန့်ပေး ကွပ်ကဲရေးရုံးခန်းတွေနဲ့ ဗုံးခိုကျင်းတွေကို စနစ်တကျ တည်ဆောက်ထားကြောင်း သိရှိရပါတယ်။

ဘိန်းဘုရင်ဟောင်း လော်စစ်ဟန်နဲ့ သားဖြစ်သူ စတီဖင်လော တို့ပိုင်တဲ့ အေရှားဝေါလ် ကုမ္ပဏီကတော့ လမ်းမကြီးတွေဖေါက်လုပ်ဖို့ ကန်ထရိုက်ရရှိခဲ့တယ်လို့ ဆိုပါတယ်။ ကြပ်ပြေးမြို့တော်သစ် တည်ဆောက် ရေးစီမံကိန်းဟာ အလွန်ကြီးမားလွန်းတာကြောင့် ဒေါ်လာသန်း ထောင်ပေါင်းများစွာကိုအသုံးပြုပြီး ဆယ်စုနှစ်ပေါင်းများစွာ အချိန်ယူ တည်ဆောက်ရလိမ့်မယ်လို့ ဆိုပါတယ်။

မြို့တော်သစ်တည်ဆောက်ဖို့အတွက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် မြန်မာပြည်အလယ်ပိုင်းဒေသတွေကို ရဟတ်ယာဉ်နဲ့ လှည့်လည်ကြည့်ရှုပြီးမှ ပျဉ်းမနား ကြပ်ပြေးဒေသမှာ တည်ဆောက်ဖို့ ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။ တည်ဆောက်ရေးလုပ်ငန်းတွေဟာ ကြီးမားကျယ်ပြန့်မှာ ဖြစ်တဲ့အတွက် အချိန်မတိုင်ခင် သတင်းပေါက်

ကြားမှုတွေမဖြစ်ပွားရအောင် ကောလဟာလသတင်းတွေ ကြိုတင်ထုတ်လွှင့်ထားဖို့ကိုလည်း နအဖဗိုလ်ချုပ်ကြီး တွေက စနစ်တကျ စီစဉ်ခဲ့ကြကြောင်း သိရှိရပါတယ်။

မြန်မာ့တပ်မတော်ကို တပ်တော်စု(၂)ခုအဖြစ် ပြင်ဆင်ဖွဲ့စည်းပြီး တစ်ခုကို ရန်ကုန်မှာ အခြေပြုမယ်၊ ကျန်တစ်ခုကို ပျဉ်းမနားမှာ အခြေပြုမယ်၊ ဗိုလ်ချုပ်ကြီးရွှေမန်းကို ဒုတိယဗိုလ်ချုပ်မှူးကြီးအဖြစ် ရာထူးတိုးမြှင့်ပေးပြီး ပျဉ်းမနားမှာအခြေပြုမဲ့ တပ်တော်စုကို ကွပ်ကဲခိုင်းလိမ့်မယ်၊ ရန်ကုန်မှာအခြေပြုမဲ့ တပ်တော်စုကိုတော့ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး က ကွပ်ကဲလိမ့်မယ်ဆိုပြီး သတင်းတွေလွှင့်ခဲ့ကြပါတယ်။

ဒါပေမဲ့ နိုင်ငံကြီးတချို့ကတော့ စစ်အစိုးရရဲ့ခြေလှမ်းတွေကို ကြိုတင်သိရှိနေကြမှာ သေချာပါတယ်။ နအဖက ကာကွယ်ရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနအားလုံးကို ၂၀၀၅ ခုနှစ်မကုန်ခင် ကြပ်ပြေးဒေသကို ပြောင်းရွှေ့အခြေပြုဖို့ စီစဉ်နေပြီဆိုတဲ့သတင်းကို **(Clive Parker & Yeni)** ဆိုတဲ့ သတင်းထောက် (၂)ဦးက ဇွန်လ(၁၄)ရက်နေ့မှာကတည်းက ထုတ်ဖေါ်ရေးသားခဲ့ကြတာ တွေ့ရပါတယ်။

သူတို့က နအဖအရာရှိကြီးတစ်ဦးထံက ရရှိတဲ့သတင်းကိုအခြေခံပြီး ထုတ်ဖေါ်ရေးသားခဲ့ကြတာ ဖြစ်ပါတယ်။ နအဖက ဇွန်လ(၁၃)ရက်နေ့မှာ ဌာနတွင်း လျှို့ဝှက်ညွှန်ကြားချက်တစ်စောင်ကို ထုတ်ပြန်ခဲ့ကြောင်း၊ အဲဒီလျှို့ဝှက်ညွှန်ကြားချက်ထဲမှာ ၂၀၀၅ ခုနှစ်မကုန်မီ ဝန်ကြီးဌာနအားလုံး မြို့တော်သစ်ကို အပြီးပြောင်းရွှေ့ နိုင်အောင် အသင့်ပြင်ဆင်ထားကြဖို့၊ ဝန်ကြီးရုံးတွေနဲ့အတူ သက်ဆိုင်ရာဝန်ထမ်းတွေလည်း ပြောင်းရွှေ့လိုက်ပါ ရမှာဖြစ်လို့ မပြောင်းရွှေ့ချင်သူတွေကို အလုပ်ဖြုတ်ပစ်ဖို့၊ ထည့်သွင်းဖေါ်ပြထားကြောင်း သတင်းထောက်(၂)ဦးက ဖွင့်ချရေးသားခဲ့ကြပါတယ်။

**(Clive Parker & Yeni)** ဆိုတဲ့ သတင်းထောက်(၂)ဦးရဲ့ ရေးသားချက်ဟာ ဘယ်လောက်အထိ တိကျမှန်ကန်မှုရှိသလဲဆိုရင် ကြပ်ပြေးမှာ လယ်သမားတွေရဲ့ လယ်ယာခြံမြေ ဥယျာဉ်တွေကို အတင်းအဓမ္မ သိမ်းပိုက်ပြီး ကုတင် (၁၀၀၀)ဆန့် ဆေးရုံကြီးနဲ့ လော လေယာဉ်ကွင်းတွေကိုပါ တည်ဆောက်ပြီးစီးနေပြီဖြစ်လို့ ယခုအခါ စစ်ရုံးချုပ်ကို လျှို့ဝှက်စွာ စတင်ပြောင်းရွှေ့နေကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနနဲ့ ပြန်ကြားရေးဝန်ကြီးဌာနလည်း မကြာခင် ပြောင်းရွှေ့တော့မှာဖြစ်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ စာနယ်ဇင်းဌာနတွေနဲ့ မြန်မာ့အသံ၊ မြန်မာ့ရုပ်မြင်သံကြား စတဲ့ဌာနတွေလည်း ကြပ်ပြေးကို ပြောင်းရွှေ့ကြရမှာဖြစ်ပေမဲ့ စစ်တပ်ပိုင် မြဝတီရုပ်သံလွှင့်ဌာနကတော့ ချက်ချင်းပြောင်းရွှေ့ဦးမှာ မဟုတ်ဘူးဆိုပြီး အဲဒီဆောင်းပါးမှာ အတိအကျ ထည့်သွင်းရေးသားထားတာ တွေ့ရပါတယ်။

နအဖက အဲဒီ လျှို့ဝှက်ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့တဲ့ရက်ဟာ နအဖ ဝန်ကြီးချုပ်လည်းဖြစ်၊ စစ်ထောက်လှမ်းရေးအကြီးအကဲလည်းဖြစ်တဲ့ ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ရုံးတင်တရားစွဲတဲ့ရက်နဲ့ တိုက်ဆိုင်နေတာတွေ့ရပါတယ်။ ၂၀၀၄ ခုနှစ် အောက်တိုဘာလ (၁၉)ရက်နေ့ညမှာ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရတဲ့ ဗိုလ်ချုပ်ကြီး ခင်ညွန့်ကို နအဖစစ်အာဏာပိုင်တွေက ၂၀၀၅ ခုနှစ် ဇွန်လ(၁၃)ရက်နေ့မှာ ရုံးတင်တရားစွဲဆိုမှုတွေ စတင်ပြုလုပ်နေပြီလို့ **AFP** သတင်းဌာနက ရေးသားဖေါ်ပြခဲ့ပါတယ်။

နအဖကတော့ ကြပ်ပြေးကို ပြောင်းရွှေ့ပြေးဖို့ ပြင်ဆင်နေတဲ့သတင်းကိုရော၊ ဗိုလ်ချုပ်ကြီးခင်ညွန့်ကို တရားစွဲဆိုတဲ့သတင်းတွေကိုရော အဲဒီအချိန်အထိ ဖျောင်လိမ်ဖို့ ကြိုးပမ်းနေတာကို တွေ့ရပါတယ်။

ဇွန်လ(၁၂)ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ နအဖရဲ့သတင်းစာရှင်းလင်းပွဲမှာ ဗိုလ်ချုပ်ကြီးခင်ညွန့်ကို သူ့ရဲ့နေအိမ်မှာ အကျယ်ချုပ်ချထားရာကနေ အင်းစိန်ထောင်ကို ရွှေ့လိုက်ပြီဆိုတဲ့သတင်းဟာ မှန်ကန်ပါသလားလို့ သတင်းထောက်တစ်ဦးက မေးမြန်းခဲ့ရာမှာ ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဒီသတင်းတွေဟာ အခြေအမြစ်မရှိဘူးဆိုပြီး ငြင်းဆိုသွားခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီးခင်ညွန့်ကို တရားစွဲဆိုဖို့အစီအစဉ် ရှိမရှိ သတင်းထောက်တစ်ဦးက ထပ်မံမေးမြန်းတဲ့အခါမှာလည်း ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး က “ပြောဖို့ စောလွန်းပါသေးတယ်” ဆိုပြီး ဝေ့လည်ကြောင်ပတ် ဖြေဆိုသွားခဲ့ပါတယ်။

အဲဒီနှစ် ဩဂုတ်လ(၂၈)ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ နအဖရဲ့ (၆/၂၀၀၅) သတင်းစာရှင်းလင်းပွဲမှာလည်း ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဗိုလ်ချုပ်မောင်ဦးနဲ့ ရဲချုပ်ခင်ရီ တို့ ဦးဆောင်တဲ့ နအဖသတင်းထုတ်ပြန်ရေးအဖွဲ့က အလားတူ ဝေဝေဝါးဝါး ဖြေဆိုသွားခဲ့တာကို တွေ့ရပါတယ်။ အမျိုးသမီးသတင်းထောက်တစ်ဦးက "စစ်ရုံးချုပ်ကို ပျဉ်းမနားကို ပြောင်းရွှေ့ဖို့စီစဉ်နေတာ မှန်ပါသလား" ဆိုပြီး မေးမြန်းတဲ့အခါ ဗိုလ်မှူးချုပ်ကျော်ဆန်းက "အခု အချိန်အထိ တရားဝင်ညွှန်ကြားချက် မရသေးပါဘူး" ဆိုပြီး မေးခွန်းကိုတိုက်ရိုက်မဖြေဘဲ ကွေ့ပတ်ဖြေကြား သွားခဲ့တာကို တွေ့နိုင်ပါတယ်။

တကယ်တော့ နအဖဗိုလ်ချုပ်တွေက ဘယ်လိုပဲ ဝေ့လည်ကြောင်ပတ်လုပ်ပြီး ဖြေကြားနေကြပေမဲ့ နအဖက ကြပ်ပြေးမှာ ဘာတွေလုပ်နေသလဲဆိုတာကို သာမန်အရပ်သားတွေ အလွယ်တကူ အခမဲ့ ကြည့်ရှုနိုင်တဲ့ **maps. google.com** ဆိုတဲ့ ဝက်ဆိုက်ကို တက်ကြည့်ရင်တောင် အားလုံးကို ရှင်းရှင်းလင်းလင်း မြင်တွေ့နိုင်ပါတယ်။

အဲဒီ ဝက်ဆိုက်မှာ ကြပ်ပြေးမြို့တော်ရှိ ရုံးတွေ အဆောက်အဦးတွေကိုသာမက မိတ္တီလာ ရှမ်းတဲ လေတပ်စခန်း၊ နမ့်စန်၊ မြိတ်၊ တောင်ငူ၊ မြစ်ကြီးနားနဲ့ ရန်ကုန် မင်္ဂလာဒုံနဲ့မှော်ဘီက (၅၀၁)၊ (၅၀၂) လေတပ် စခန်းတွေကို သာမက မြေပြင်ပေါ်မှာ တန်းစီရပ်ထားတဲ့ ရုရှားနဲ့ တရုတ်လုပ် ဂျက်တိုက်လေယာဉ်တွေကိုတောင် ထင်ထင်ရှားရှား တွေ့နိုင်ပါတယ်။

အမေရိကန်နိုင်ငံအပါအဝင် ခေတ်မှီနိုင်ငံကြီးတွေက ကမ္ဘာပတ်လမ်းကြောင်းအတွင်း လွှတ်တင်ထားတဲ့ စစ်ဘက်ထောက်လှမ်းရေးဂြိုလ်တုတွေ ဆိုရင်တော့ ကျောက်ခတ်လူသားတွေအဖြစ် ကြပ်ပြေးနေပြည်တော်မှာ ဂူအောင်းဖို့ ကြံစည်နေကြတဲ့ နအဖဗိုလ်ချုပ်ကြီးတွေနဲ့ သူတို့ရဲ့မိသားစုတွေကို အနီးကပ်မြင်တွေ့ရမှာ သေချာပါတယ်။ ။

***End of report/ Sunday, March 22, 2009***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***